# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်ရှေ့တွင်

+ ၂၀၁၀
စက်တင်ဘာလ
၂၉ ရက်

## မောင်ဖြိုးမင်းဇော် (ခ) လူအေး
## နှင့်
## ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ *

တရားရုံးရှေ့သို့ တရားခံအဖြစ်ရောက်ရှိလာသည့် တရားခံသည် ၎င်းတရားခံအဖြစ် မရောက်မီအချိန်တွင် တရားရုံးကချမှတ်သည့် အမိန့်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခွင့်မရှိဘဲ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က အရ အမှုချေဖျက်ပေးရန်သာ လျှောက်ထားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ထို့ကြောင့် လျှောက်ထားသူ ဖြိုးမင်းဇော် (ခ) လူအေးသည် တရားရုံးရှေ့သို့တရားခံအဖြစ်ရောက်ရှိပြီးနောက်ပိုင်း ၎င်းတရားခံအဖြစ် အမှုရင်ဆိုင်လျက်ရှိစဉ်အတွင်း ချမှတ်သည့်အမိန့် တစ်စုံတစ်ရာအပေါ် တိုင်းဒေသကြီးတရားရုံးသို့ ပြင်ဆင်မှုတင်သွင်း

---

* ၂၀၁၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၃ (ခ)။

\+ ၂၀၁၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂ တွင် ချမှတ်သော ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားနိုင်သော်လည်း တရားခံအဖြစ် မရောက်မီအချိန်က ချမှတ်သည့်အမိန့်နှင့်စပ်လျဉ်း၍ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က အရ အမှုချေဖျက်ပေးရန်သာ လျှောက်ထားနိုင်သည်။ တိုင်းဒေသကြီးတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခွင့် မရှိချေ။

လျှောက်ထားသူအတွက် - ဦးခင်ဇော်
တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူ (၁) အတွက်- ဒေါ်ဝါဝါ
ဒုတိယညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး
လျှောက်ထားခံရသူ (၂) အတွက်- ဦးချစ်ကိုကို
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၃၉/၂၀၀၉ တွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ နှင့် ၁၉ (က) အရ တရားခံ မောင်ယုကြိုင်အပေါ် တရားစွဲဆိုရာ တရားလိုပြသက်သေ ၁၀ ဦး စစ်ဆေးပြီးသည့်အချိန်တွင် တရားခံအကျိုးဆောင်က ဖြိုးမင်းဇော် (ခ) လူအေးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၁ အရ နောက်တိုးတရားခံအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားခဲ့သည်။ ခရိုင်တရားရုံးက ဖြိုးမင်းဇော် (ခ) လူအေးအား တရားခံအဖြစ်ထည့်သွင်းပြီး အမှုကို အစမှပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဖြိုးမင်းဇော် (ခ) လူအေးက မကျေနပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂/၂၀၁၀ ကိုတင်သွင်းရာ

၂၀၁၀
မောင်ဖိုးမင်းဇော်
(ခ) လူအေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ပလပ်ခံရသည်။ သို့ဖြစ်၍ ဖိုးမင်းဇော် (ခ) လူအေးက ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ၁၁-၇-၂၀၀၉ နေ့ ၁၈း၀၀ နာရီအချိန်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မူးယစ်အထူးအဖွဲ့မှ ဒုရဲအုပ်မင်းဦး၊ ဒုရဲအုပ်နေလင်းထွန်း၊ တပ်ကြပ်ကြီးတင်မောင်လတ်၊ တပ်ကြပ်စန်းသိန်းဦးနှင့် ဦးခင်မောင်ဝင်းတို့သည် နယ်မြေခံ ရယက ရာအိမ်မှူး ဦးအောင်ထွန်း၊ ဦးမြင့်ထွန်းတို့နှင့်အတူ သတင်းအရ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းမပေါ်ရှိ Hotel Glory၊ အခန်းအမှတ် ၂၀၁ တွင် တည်းခိုနေထိုင်သော ယုကြိုင်၏အခန်းအား မူးယစ်ဆေးဝါးရှာဖွေခွင့်အမိန့်အမှတ် ၄၁/၀၉ ဖြင့် ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း တီဗွီစင်ဘေးစားပွဲခုံပေါ်ရှိ Black Label အရက်စက္ကူဗူးခွံအတွင်းမှ ပလပ်စတစ်အိတ်အကြည်/တိတ်အဝါများဖြင့်ပတ်လျက် အပြာရောင်ကပ်ခွာအိတ်ငယ်ဖြင့်ထည့်ထားသော WY စာတမ်းပါ ချောကလက်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားနှင့် အစိမ်းရောင် ၂ ပြားစီပါ ၁၀ ထုပ်၊ စုစုပေါင်း ၂၀၀၀ ပြား၊ အလေးချိန် ၂၀၀ ဂရမ်ကိုလည်းကောင်း၊ ပလပ်စတစ်အိတ်အကြည်/တိတ်အဝါများဖြင့်ပတ်ပြီး အပြာရောင်ကပ်ခွာအိတ်ဖြင့် WY စာတမ်းပါ ချောကလက်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားနှင့် အစိမ်းရောင် ၂ ပြားစီပါ ၈ ထုပ်၊ စုစုပေါင်း ၁၆၀၀ ပြား၊ အလေးချိန် ၁၆၀ ဂရမ်အားလည်းကောင်း ရှာဖွေတွေ့ရှိသဖြင့် ချိတ်ပိတ်သိမ်းဆည်းပြီးနောက် အဆိုပါဆေးပြားများသည် အခန်းအမှတ် ၃၀၉ တွင် တည်းခိုနေသူ ဖိုးမင်းဇော် (ခ) လူအေး၏ မြဝတီမြို့ DKBA ဝင်းနေအိမ်မှ လွန်ခဲ့သော ၁ ပတ်ခန့်က ယုကြိုင်ကိုယ်တိုင် သွားရောက်ယူဆောင်ခဲ့သော ဆေးပြားများဖြစ်ကြောင်း၊ ဖိုးမင်းဇော် (ခ) လူအေးလာထားသော ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ယုကြိုင်

နှင့် ဖြိုးမင်းဇော် (ခ) လူအေးတို့အပေါ် ဥပဒေအရ အရေးယူပေးရန် ဒုရဲအုပ်မင်းဦးက ကြည့်မြင်တိုင်ရဲစခန်းတွင် တိုင်ကြားသောအမှု ဖြစ်သည်။

သို့သော် အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ ရာတွင် ယုကြိုင်တစ်ဦးတည်းသာ တရားစွဲဆိုတင်ပို့ခြင်းကြောင့် ယုကြိုင်၏ရှေ့နေက ဖြိုးမင်းဇော် (ခ) လူအေးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၅၁ အရ နောက်တိုးတရားခံအဖြစ် ထည့်သွင်း ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

ခရိုင်တရားရုံးက ဖြိုးမင်းဇော် (ခ) လူအေးနှင့်ပတ်သက်၍ တရားလိုပြသက်သေထွက်ချက်များအရလည်းကောင်း၊ သက်သေခံ (ခ) (ခ-၁) (ဃ) တိုင်ချက်များအရလည်းကောင်း စွပ်စွဲချက်များရှိ နေသည်ဟု ပေါ်ပေါက်သည့်အတွက် ဖြိုးမင်းဇော် (ခ) လူအေးကို တရားခံအဖြစ်ထည်သွင်း၍ စစ်ဆေးသွားမှသာ မျှတမှန်ကန်ပြီး သဘာဝကျမည်ဟု ကောက်ယူသုံးသပ်ပြီး ပူးတွဲတရားခံအဖြစ် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ တိုင်းဒေသကြီးတရားရုံးကလည်း အလားတူသုံးသပ်ပြီး ပြင်ဆင်မှုကိုပလပ်ခဲ့သည်။

လျှောက်ထားသူ ဖြိုးမင်းဇော် (ခ) လူအေး၏ရှေ့နေက တရားလိုနှင့် လိုပြသက်သေများထွက်ချက်အရ စိတ်ကြွဆေးပြားများ ကို တရားခံယုကြိုင်၏အခန်းတွင်းရှိ အရက်စက္ကူဗူးခွံအတွင်းမှ သိမ်းဆည်းခဲ့ပြီး ရှာဖွေပုံစံတွင် ယုကြိုင်မှလက်မှတ်ရေးထိုး၍ အပ်ပေး ခဲ့ခြင်းဖြစ်ကြောင်း၊ ရှာဖွေပုံစံတွင် ဖြိုးမင်းဇော်နှင့်ပတ်သက်သည့် ရေးသားဖော်ပြချက်မပါရှိကြောင်း၊ သက်သေခံပစ္စည်းများသိမ်းဆည်း ပြီးနောက် တရားခံယုကြိုင်၏အစစ်ခံချက်အရ ဖြိုးမင်းဇော်အား ကွင်းဆက်တရားခံအဖြစ် အမှုဖွင့်တိုင်ကြားခဲ့သော်လည်း ခရိုင်ဥပဒေ ရုံး၏အကြံပြုချက်အရ တရားစွဲဆိုတင်ပို့ခဲ့ခြင်းမရှိကြောင်း၊ ယုကြိုင်၏

၂၀၁၀
မောင်ဖြိုးမင်းဇော်
(ခ) လူအေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အခန်းတွင်းမှ သိမ်းဆည်းရမိသောဆေးပြားများသည် WY စိတ်ကြွဆေးပြားများဖြစ်ပြီး လျှောက်ထားသူ၏ကားအတွင်းမှ တွေ့ရှိသောဆေးပြားများသည် အက်စတာစီဆေးပြားများဖြစ်၍ အမျိုးအစားတူညီမှုမရှိကြောင်း၊ ဖြိုးမင်းဇော်၏ကားအတွင်းမှ အက်စတာစီဆေးပြား ၄ ပြားတွေ့ရှိခြင်းအတွက် ကြည့်မြင်တိုင်မြို့နယ်တရားရုံးတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေပုဒ်မ ၁၆ (ဂ) အရ သီးခြားတရားစွဲဆိုထားကြောင်း၊ တိုင်းဒေသကြီးတရားရုံးနှင့် ခရိုင်တရားရုံးတို့၏အမိန့်အား ပယ်ဖျက်သင့်ကြောင်းလျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးက တရားခံယုကြိုင်တည်းခိုနေထိုင်ရာ Hotel Glory အခန်းအမှတ် ၂၀၁ သို့ဝင်ရောက်ရှာဖွေရာတွင် စိတ်ကြွရူးသွပ်ဆေးပြားများတွေ့ရှိရပြီးရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း၊ ယုကြိုင်က ဖြိုးမင်းဇော် (ခ) လူအေး၏ပစ္စည်းများဖြစ်သည်ဟု ပြောဆိုသော်လည်း ရှာဖွေပုံစံ၌ယင်းကဲ့သို့ထည့်သွင်းရေးသားထားမှုမရှိကြောင်း၊ တရားခံယုကြိုင်၏အခန်းအတွင်းမှတွေ့ရှိရသောကြောင့် ၎င်း၏အစီအမံဖြင့်ထားရှိသည်ဟု သုံးသပ်ရရှိကြောင်း၊ တရားခံယုကြိုင်၏နှုတ်ဖြင့် ပြောဆိုချက်သာရှိပြီး အမှုတွဲ၌ ငြိစွန်းသော့သက်သေခံ အထောက်အထား တစ်စုံတစ်ရာမတွေ့ရှိရသောကြောင့် ဖြိုးမင်းဇော် (ခ) လူအေးအပေါ်နောက်တိုးတရားခံအဖြစ် ထည့်သွင်းစစ်ဆေးရန် ခိုင်လုံသောအထောက်အထား အားနည်းလျက်ရှိကြောင်း၊ ဥပဒေနှင့်အညီသင့်မြတ်သည့်အမိန့်တစ်ရပ် ချမှတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ် (၂) ယုကြိုင်၏ ရှေ့နေကကြည့်မြင်တိုင်ရဲစခန်း၏ ပထမသတင်းပေးတိုင်ချက်တွင် ဆေးပြား

၂၀၁၀
မောင်ဖြိုးမင်းဇော်
(ခ) လူအေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

များနှင့်အတူ တွေ့ရှိသူယုကြိုင်နှင့် ဆေးပြားများအား သိုလှောင်ထားရှိသယ်ဆောင်ခိုင်းသူ ဖြိုးမင်းဇော် (ခ) လူအေးတို့ ၂ ဦးအား အရေးယူပေးရန် တိုင်ကြားအပ်ပါသည်ဟု ဖော်ပြထားကြောင်း၊ ကြည့်မြင်တိုင်ရဲစခန်းက တရားခံယုကြိုင်နှင့် ဖြိုးမင်းဇော် (ခ) လူအေးတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ နှင့် ၁၉ (က) တို့အရ အရေးယူဆောင်ရွက်ခဲ့သော်လည်း ရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည့်အခါ၌ သက်ဆိုင်ရာဥပဒေအကြံပြုချက်အရ တရားခံအဖြစ် တရားစွဲဆိုတင်ပို့ခဲ့ခြင်းမရှိကြောင်း၊ တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များအရ အမှုတွင် တရားခံအဖြစ် ပါဝင်သင့်သူဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၁ အရ နောက်တိုးတရားခံအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူ ဖြိုးမင်းဇော် (ခ) လူအေးသည် အမှု၌ တရားခံအဖြစ်ရင်မဆိုင်ရသေးမီ ချမှတ်ခဲ့သည့်အမိန့်ကို တရားရုံးအဆင့်ဆင့်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုလျှောက်ထားနေခြင်းဖြစ်ကြောင်း၊ နောက်တိုးတရားခံအဖြစ် ပါဝင်သည့်အတွက် အမှုတွဲချေဖျက်ပေးရန် လျှောက်ထားခွင့်၊ စွဲချက်အဆင့်တွင် တရားရှင်လွှတ်ပေးရန် လျှောက်ထားတင်ပြခွင့်၊ စွဲချက်အပေါ်အဆင့်မြင့်ရုံးတွင် ပြင်ဆင်မှုအဆင့်ဆင့်လျှောက်ထားခွင့် အခွင့်အရေးရှိရာ မိမိအမှုသည်အဖြစ်မပါဝင်မီက နောက်တိုးတရားခံအဖြစ်ထည့်သွင်းသည့်အမိန့်ကို ပြင်ဆင်ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းသည် အမှုတွင် တရားခံအဖြစ်မှပယ်ဖျက်ပေးရန် လျှောက်ထားချက်နှင့် အလားသဏ္ဌာန်တူနေသဖြင့် ပြင်ဆင်မှုအား ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

ထို့ကြောင့် ယခုအမှုတွင် မူလမှုစစ်ဆေးသည့် ခရိုင်တရားရုံးက ဖြိုးမင်းဇော် (ခ) လူအေးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၁

၂၀၁၀
မောင်ဖြိုးမင်းဇော်
(ခ) လူအေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အရ နောက်တိုးတရားခံအဖြစ် ထည့်သွင်းခဲ့ခြင်းသည် မှန်ကန်မှု ရှိမရှိ၊ တိုင်းဒေသကြီးတရားရုံးက ဖြိုးမင်းဇော် (ခ) လူအေး တင်သွင်းသည့် ပြင်ဆင်မှုကို လက်ခံအရေးယူဆောင်ရွက်ခဲ့ခြင်းနှင့် ခရိုင်တရားရုံးဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ စိစစ်ရပေမည်။

အမှုတွဲကိုစိစစ်ကြည့်ရှုရာ ၁၁-၇-၂၀၀၉ နေ့ ၁၈း၀၀ နာရီအချိန်ခန့်က ရန်ကုန်အရှေ့ မူးယစ်အထူးအဖွဲ့မှ ဒုရဲအုပ်နေလင်းထွန်း (လိုပြ-၁)၊ ဒုရဲအုပ်မင်းဦး (လိုပြ-၂) နှင့် ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေခံရပ်ကွက်မှ တာဝန်ရှိသူများနှင့်အတူ ကြည့်မြင်တိုင် မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းမပေါ်ရှိ Hotel Glory အခန်းအမှတ် ၂၀၁ တွင်နေထိုင်သည့် တရားခံ ယုကြိုင်၏ အခန်းအား ဝင်ရောက်ရှာဖွေရာ TV စင်ဘေးစားပွဲပေါ်မှ အရက်စက္ကူဗူးခွံအတွင်း WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ထိုနေ့က ဖြိုးမင်းဇော် (ခ) လူအေး တည်းခိုနေထိုင်သည့် အခန်းအမှတ် ၃၀၉ ကို ဦးစွာရှာဖွေခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ဖြိုးမင်းဇော်၏အခန်းမှ မူးယစ်ဆေးဝါးမတွေ့ပဲ ဖြိုးမင်းဇော်စီးလာသည့်ကားထဲမှ ဆေးပြား ၄ ပြားတွေ့ရှိကြောင်း၊ ယုကြိုင်က တွေ့ရှိသောဆေးပြားများမှာ ဖြိုးမင်းဇော်၏ဆေးပြားများဖြစ်ပြီး လွန်ခဲ့သောတစ်ပတ်ခန့်က ဖြိုးမင်းဇော်နေထိုင်ရာ မြဝတီမြို့၊ ဒီကေဘီအေဝင်းအတွင်းရှိနေအိမ်မှ ယုကြိုင်ကိုယ်တိုင်သွားရောက်ယူဆောင်ခဲ့ပြီး ဖြိုးမင်းဇော်က ယုကြိုင်အခန်း၌ထားခိုင်း၍ ထားခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုကြောင်း ဒုရဲအုပ်နေလင်းထွန်း (လိုပြ-၁)၊ ဒုရဲအုပ်မင်းဦး (လိုပြ-၂)၊ ဦးခင်မောင်ဝင်း (လိုပြ-၅) နှင့် ပန်းလှိုင်ရပ်ကွက်ရယကအဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်ထွန်း (လိုပြ-၆)၊ ဦးမြင့်ထွန်း (လိုပြ-၇) တို့က ထွက်ဆိုထားကြသည်။

၂၀၁၀
မောင်ဖြိုးမင်းဇော်
(ခ) လူအေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

Hotel Glory ၏မန်နေဂျာ ဒေါ်စန္ဒာဝင်း (လိုပြ-၈) နှင့် ငွေကိုင်စာရေး မပပမျိုး (လိုပြ-၉) တို့ကလည်း အလားတူထွက်ဆိုသည်။

သို့သော် ခရိုင်ရဲတပ်ဖွဲ့က တရားရုံးသို့ တရားခံယုကြိုင် တစ်ဦးတည်းကိုသာ တရားစွဲဆိုတင်ပို့ခဲ့ပြီး ဤအမှုမှ လျှောက်ထားသူ ဖြိုးမင်းဇော် (ခ) လူအေးအား ခရိုင်ဥပဒေရုံး၏အကြံပြုချက်အရ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ အရ အမှုမှလွှတ်ခဲ့ကြောင်း အမှုစစ်ရဲအရာရှိဖြစ်သည့် ဒုရဲအုပ်ပြည့်လင်းအောင်၏ ထွက်ဆိုချက်အရ တွေ့ရှိရသည်။

အမှုတွဲရှိ သက်သေခံချက်များအရ စွဲဆိုသောအမှုနှင့် စပ်လျဉ်း၍ ဖြိုးမင်းဇော် (ခ) လူအေးနှင့်ပတ်သက်ပြီး ငြိစွန်းသည့် သက်သေခံချက်များရှိနေသည်ကို တွေ့ရှိရသဖြင့် ခရိုင်တရားရုံးက ဖြိုးမင်းဇော်အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၁ အရ နောက်တိုးတရားခံအဖြစ် အမှု၌ထည့်သွင်းခဲ့ခြင်းသည် တစ်စုံတစ်ရာ မှားယွင်းမှုမရှိချေ။

ဆက်လက်၍ ခရိုင်တရားရုံးက ဖြိုးမင်းဇော်ကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းသည့်အမိန့်အား တိုင်းဒေသကြီးတရားရုံးက ပြင်ဆင်မှုဖွင့်လှစ်၍ လက်ခံဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ စိစစ်ရပေမည်။

အမှုတွဲနေ့စဉ်မှတ်တမ်းအရ မူလမှုစစ်ဆေးသည့် ခရိုင်တရားရုံးတွင် တရားလိုနှင့် တရားလိုပြသက်သေ ၁၀ ဦးကို စစ်ဆေးပြီးနောက် ၁-၁၂-၂၀၀၉ ၌ တရားခံယုကြိုင်က ဖြိုးမင်းဇော် (ခ) လူအေးအား နောက်တိုးတရားခံအဖြစ်ထည့်သွင်းပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ရုံးက ၁၄-၁၂-၂၀၀၉ တွင် အဆိုပါလျှောက်ထားမှုကို ခွင့်ပြုသည့်အမိန့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ခရိုင်တရား

၂၀၁၀
မောင်ဖြိုးမင်းဇော် (ခ) လူအေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါ ၂

ရုံးက ဖြိုးမင်းဇော် (ခ) လူအေးအား ဖမ်းဝရမ်းထုတ်ဆင့်ခဲ့ရာ ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့စခန်းက ၁၇-၁၂-၂၀၀၉ ၌ ရုံးရှေ့သို့ ဖမ်းဆီးတင်ပို့ခဲ့သည်။

အမှုတွဲနေ့စဉ်မှတ်တမ်းအရ ဖြိုးမင်းဇော် (ခ) လူအေးသည် ခရိုင်တရားရုံးရှေ့သို့ တရားခံအဖြစ် ရောက်ရှိခဲ့ပြီးဖြစ်သည့်အချက်မှာ အငြင်းမပွားချေ။ ဖြိုးမင်းဇော်သည် တရားရုံးရှေ့သို့ တရားခံအဖြစ် ရောက်ရှိခဲ့ပြီးနောက် ၎င်းတရားခံအဖြစ် မရောက်ရှိသေးမီက နောက်တိုးတရားခံအဖြစ် ထည့်သွင်းခွင့်ပြုခဲ့သည့် ခရိုင်တရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂/၂၀၁၀ ကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

မူလရုံးသို့ တရားခံအဖြစ် လာရောက်ခြင်းမရှိသေးသောသူသည် အမှုတွင် တရားခံအဖြစ်ပါဝင်ခြင်းမရှိသေး၍ အမှု၌ချမှတ်ထားသော အမိန့်အပေါ် အယူခံမှုသော်လည်းကောင်း၊ ပြင်ဆင်မှုသော်လည်းကောင်း အဆင့်မြင့်ရုံး၌ လျှောက်ထားနိုင်ခွင့်မရှိပေ။ **ဦးဝင်းစိန်ပါ ၅ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ ၂ အမှု**[၁] နှင့် **ဦးသောင်းရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၆ အမှု**[၂] တို့တွင်ကြည့်ပါ။

တရားရုံးကဆင့်ခေါ်၍ တရားရုံးသို့ရောက်ရှိပြီးနောက် တရားရုံးက တရားခံအဖြစ် ထုချေရှင်းလင်းစေရန် ညွှန်ကြားသည့်အခါမှသာ တရားရုံးချုပ်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က အရ အမှုချေဖျက်ပေးရန်အတွက် လျှောက်လွှာတင်နိုင်သည့် အခွင့်အရေးကိုရရှိမည်ဖြစ်သည်။ **ဦးအောင်ကျော် နှင့် ပြည်ထောင်စု**

---

(၁) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၃၈
(၂) ၂၀၀၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၇

၂၀၁၀
မောင်ဖြိုးမင်းဇော်
(ခ) လူအေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

**ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု[၃]၊ ကိုအောင်မိုးဝင်း ပါ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၃ အမှု[၄]** တို့တွင် ကြည့်ပါ။

မူလမှုစစ်ဆေးသည့် ခရိုင်တရားရုံးက ရုံးရှေ့စစ်ဆေးပေါ်ပေါက်ချက်များအရ ဖြိုးမင်းဇော် (ခ) လူအေးအပေါ် အမှု၌ နောက်တိုးတရားခံအဖြစ်ထည့်သွင်း၍ ဆက်လက်စစ်ဆေးစီရင်နိုင်ရန် ချမှတ်ထားသောအမိန့်ကို တိုင်းဒေသကြီးတရားရုံးက ပယ်ဖျက်ခဲ့မည်ဆိုပါက ဖြိုးမင်းဇော် (ခ) လူအေးနှင့်ပတ်သက်၍ စစ်ဆေးစီရင်လျက်ရှိသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ချေဖျက်သည့်သဘောအနှစ်သာရအားဖြင့် သက်ရောက်သည်။ ခရိုင်တရားရုံး၌ စစ်ဆေးဆောင်ရွက်နေသည့်အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က အရ တရားရုံးချုပ်ကသာ ပယ်ဖျက်ခြင်းပြုနိုင်သည်။ အခြားသောလက်အောက်ခံတရားရုံးများက ချေဖျက်ခြင်းမပြုနိုင်ပေ။ **ဦးသောင်းရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၆ အမှု[၂]** ကို ရည်ညွှန်းသည်။

ထို့ကြောင့် လျှောက်ထားသူ ဖြိုးမင်းဇော် (ခ) လူအေးသည် တရားရုံးရှေ့သို့ တရားခံအဖြစ် ရောက်ရှိပြီးနောက်ပိုင်း ၎င်းတရားခံအဖြစ် အမှုရင်ဆိုင်လျက်ရှိစဉ်အတွင်း ချမှတ်သည့်အမိန့်တစ်စုံတစ်ရာအပေါ် တိုင်းဒေသကြီးတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းလျှောက်ထားနိုင်သော်လည်း တရားခံအဖြစ် မရောက်မီအချိန်က ချမှတ်သည့်အမိန့်နှင့်စပ်လျဉ်း၍ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က အရ အမှုချေဖျက်ပေးရန်သာ လျှောက်ထားနိုင်သည်။ တိုင်းဒေသကြီးတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခွင့်မရှိချေ။

---

**(၃) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၃၈**
**(၄) ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁**

၂၀၁၀
မောင်ဖြိုးမင်းဇော်
(ခ) လူအေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

သို့ဖြစ်၍ တိုင်းဒေသကြီးတရားရုံးသည် ဖြိုးမင်းဇော် (ခ) လူအေးမှာ ပြင်ဆင်မှုတင်သွင်းနိုင်သည့် အခွင့်အရေးရှိသူဟုတ် မဟုတ်ဆိုသောအချက်နှင့် တင်သွင်းလာသည့်ပြင်ဆင်မှုကို စီရင်ဆုံးဖြတ်ရန် မိမိ၌ အခွင့်အာဏာရှိ မရှိဆိုသောအချက်တို့ကို စိစစ်ရန်လိုအပ်သည်။

ဖော်ပြပါအချက်များအရ ယခုအမှုတွင် တိုင်းဒေသကြီးတရားရုံးသည် ဖြိုးမင်းဇော် (ခ) လူအေးက ပြင်ဆင်မှုတင်သွင်းခွင့်ရှိ မရှိ စိစစ်ခြင်းမပြုဘဲ ၎င်းတင်သွင်းလာသည့် ပြင်ဆင်မှုလျှောက်လွှာကိုလက်ခံ၍ မိမိ၌ အခွင့်အာဏာမရှိဘဲ အဆုံးအဖြတ်ပြုခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ကြောင့် တိုင်းဒေသကြီးတရားရုံးက အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည့်အမိန့်နှင့်စပ်လျဉ်း၍ တက်ရောက်လာသည့် ဤပြင်ဆင်မှုကို တစ်စုံတစ်ရာလက်ခံစိစစ်ရန် အကြောင်းမရှိချေ။

အထက်တွင်သုံးသပ်ခဲ့ပြီးဖြစ်သည့် အကြောင်းများကြောင့် ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို ပလပ်လိုက်သည်။